**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၂၀)
ရန်ကုန်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်)

**ဒါရိုက်တာများနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များအတွက် အတည်ပြုခြင်းနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက် ထုတ်ပြန်ခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၆၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂) နှင့် ပုဒ်မ ၄၁၉ အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၇ နှင့် ၁၈၈ အရ ဒါရိုက်တာများနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များအတွက် အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် လမ်းညွှန်ချက်အား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်-

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကို လိုက်နာ၍ ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့သည် အောက်ဖော်ပြပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီလျှင် ဒါရိုက်တာတစ်ဦးဦး၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ဆက်နွယ် သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များ ပေးအပ် ခြင်း နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်သည် –

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၆) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိပြီး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က ကျေနပ်လက်ခံလျှင်။

(ခ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ အရ ကုမ္ပဏီတွင် ပါဝင်သူများက အဆိုပါ ပေးအပ်ခြင်းကို အတည်ပြုလျှင်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ(က) ၊ ပုဒ်မခွဲငယ် (၆) အရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က အတည်ပြုခြင်းဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (ခ)၊ (ဃ) နှင့် (ဆ) တို့ကို လိုက်နာရမည်။

၃။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ အရ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုခြင်းဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ ၊ ပုဒ်မခွဲ (ခ) မှ (ဆ) အထိ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇ နှင့်အညီ ကုမ္ပဏီ၏

ဒါရိုက်တာအဖွဲ့မှ အတည်မပြုနိုင်သည့် ကိစ္စရပ်များကိုသာ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုရမည်။

၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၇အရ ဒါရိုက်တာအဖွဲ့က အတည်ပြုခြင်းဖြစ်ပါက ကုမ္ပဏီများသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO) တွင် တင်ပြရန်မလိုဘဲ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ နှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူများ အတည်ပြုခြင်း ကိစ္စရပ်ဖြစ်ပါက ကုမ္ပဏီများသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO)တွင် ပုံစံ ဃ-၂ (က) နှင့် ဃ-၂ (ခ) တို့ကို တင်ပြရမည်။

သန့်စင်လွင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

စာအမှတ် ၊ ၂၂ / ၄၀ / ၀၂ ( ၀၀၀၆ /၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ လ ၃ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်

ဉာဏ်ဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး

ရုံးလက်ခံ / မျှောစာတွဲ